# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

# ပြည်တွင်းအခွန်များဦးစီးဌာန

## ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံလျက်ရှိသော အခွန်များနှင့်ပတ်သက်၍ ပေးဆောင်ရမည့်ရက်နှင့် ပျက်ကွက်ပါက ကျသင့်မည့် ဒဏ်ကြေးများဆိုင်ရာ အသိပေးနှိုးဆော်ချက်

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးဆောင်လျက်ရှိသော ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်၊ တံဆိပ်ခေါင်းခွန်များနှင့်စပ်လျဉ်း၍ ပေးဆောင်ရမည့်ရက်နှင့် ပေးဆောင်ရန်ပျက်ကွက်ပါက ကျသင့်မည့် ဒဏ်ကြေးများအား သိရှိနိုင်ပါရန် အသိပေးနှိုးဆော်ခြင်း ဖြစ်ပါသည်။

၂။ ဝင်ငွေခွန်သည် တိုက်ရိုက်ခွန် အမျိုးအစားဖြစ်ပြီး ဝင်ငွေခွန်ဥပဒေအရ နှစ်တစ်နှစ်အတွင်း မိမိရရှိမည့် စုစုပေါင်းဝင်ငွေကို ခန့်မှန်းတွက်ချက်၍ ယင်းအပေါ်တွင် ကျသင့်သည့် အခွန်ကို သုံးလတစ်ကြိမ် ပေးသွင်းရမည်ဖြစ်ရာ သုံးလပြည့်မြောက်သည့်နေ့မှ ၁၀ ရက်အတွင်း ပေးဆောင်ရပါမည်။ အခြေပစ္စည်းမှ မြတ်စွန်းငွေဖြစ်ပါက အခြေပစ္စည်းကို ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုသည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း အခြေပစ္စည်းမှ မြတ်စွန်းငွေအပေါ် ကျသင့်သည့်အခွန်ကို ခန့်မှန်းတွက်ချက် ပေးသွင်းရပါမည်။ သတ်မှတ်ရက်အတွင်း အခွန်ပေးသွင်းခြင်းမရှိပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေအရ ပေးဆောင်ခြင်း မရှိသည့် အခွန်၏ ၁၀ ရာခိုင်နှုန်းနှင့် ညီမျှသောပမာဏကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည် ဖြစ်ပါသည်။

၃။ ကုန်သွယ်လုပ်ငန်းခွန်သည် သွယ်ဝိုက်ခွန်အမျိုးအစားဖြစ်ပြီး ကုန်စည်ထုတ်လုပ်ရောင်းချခြင်း၊ ကုန်စည်တင်သွင်းခြင်း၊ ကုန်သွယ်မှုဆောင်ရွက်ခြင်း၊ ဝန်ဆောင်မှုဆောင်ရွက်ခြင်းများအတွက် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်မည် ဖြစ်ပါသည်။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ မည်သူမဆို နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သော ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရှိလျှင် လစဉ်ကုန်သွယ်လုပ်ငန်းခွန်ကို သက်ဆိုင်ရာလကုန်ဆုံးပြီး ၁၀ ရက်အတွင်း ပေးဆောင်ရပါမည်။ သတ်မှတ်ရက်အတွင်း အခွန်ပေးသွင်းခြင်းမရှိပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေအရ ပေးဆောင်ခြင်းမရှိသည့် အခွန်၏ ၁၀ ရာခိုင်နှုန်းနှင့် ညီမျှသောပမာဏကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည် ဖြစ်ပါသည်။

၄။ အထူးကုန်စည်ကို ပြည်တွင်းသို့တင်သွင်းခြင်း၊ အထူးကုန်စည်ကို ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ အထူးကုန်စည်ခွန်ကျသင့်သည့် ကုန်စည်များကို ပြည်ပသို့တင်ပို့ခြင်းများအတွက် အထူးကုန်စည်ခွန် ကျသင့်မည် ဖြစ်ပါသည်။ အထူးကုန်စည်ခွန်ဥပဒေအရ လစဉ်အထူးကုန်စည်ခွန်ကို သက်ဆိုင်ရာ လကုန်ဆုံးပြီး ၁၀ ရက်အတွင်း ပေးဆောင်ရပါမည်။ သတ်မှတ်ရက်အတွင်း အခွန်ပေးသွင်းခြင်း

မရှိပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေအရ ပေးဆောင်ခြင်းမရှိသည့် အခွန်၏ ၁၀ ရာခိုင်နှုန်းနှင့် ညီမျှသောပမာဏကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည် ဖြစ်ပါသည်။

၅။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ နောက်ဆက်တွဲဇယား (၁) ပါ စာချုပ်စာတမ်းများကို ချုပ်ဆိုပါက ပြည်တွင်းတွင် ချုပ်ဆိုသော စာချုပ်စာတမ်းများကို မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေနှင့်အညီ စာချုပ်မချုပ်ဆိုမီဖြစ်စေ၊ စာချုပ်ချုပ်ဆိုချိန်တွင်ဖြစ်စေ တံဆိပ်ခေါင်းခွန် ထမ်းဆောင်ရပါမည်။ ပြည်ပတွင်ချုပ်ဆိုပါက မြန်မာနိုင်ငံအတွင်း၌ ပထမဦးစွာ လက်ခံရရှိပြီးနောက် (၃) လအတွင်း တံဆိပ်ခေါင်းခွန် ထမ်းဆောင်ရမည် ဖြစ်ပါသည်။ ထိုသို့ ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန်များ ထမ်းဆောင်ထားခြင်းမရှိသည့် စာချုပ်စာတမ်းသည် သက်သေခံချက် တင်သွင်းခွင့်၊ မှတ်ပုံတင်ခွင့်၊ အရေးယူဆောင်ရွက်ခွင့် စသည့် အခွင့်အရေးများ ဆုံးရှုံးမည်ဖြစ်ပြီး၊ အဆိုပါအခွင့်အရေးများ ပြန်လည်ရရှိနိုင်ရေးအတွက် ထိုက်သင့် တံဆိပ်ခေါင်းခွန် ပြည့်မီရန် လိုအပ်သော တံဆိပ်ခေါင်းခွန် တန်ဖိုးကို ပေးသွင်းခြင်း၊ ပြည့်မီရန် လိုအပ်သော တံဆိပ်ခေါင်းခွန်၏ (၃) ဆအား ဒဏ်ကြေးအဖြစ် ပေးဆောင်ခြင်းများ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ အခွန်ထမ်းပြည်သူများအနေဖြင့် သိရှိလိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန